

# မြန်မာနိုင်ငံ၏ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ဒီမိုကရေစီစနစ်

## ၂၀၁၆ ခုနှစ် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲအား ပြန်လည်သုံးသပ်ခြင်း

*ဝိုင်းဖွဲ့ဆွေးနွေးပွဲအကျဉ်းချုပ်- မူကြမ်း-၁*

Helene Maria Kyed, DIIS
Annika Pohl Harrisson, Aarhus University
Gerard McCarthy, Australian National University

DIIS  Danish Institute for International Studies
 stbanegade 117, DK-2100 Copenhagen, Denmark
Tel: +45 32 69 87 87
E-mail: diis@diis.dk
www.diis.dk

Cover photo: Ward administrator election in Mon State.  Annika Pohl Harrisson

ဇန်နဝါရီလ ၂၀၁၆ ခုနှစ်၌ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ ရွေးကောက်ခံကိုယ်စားလှယ်လောင်း အရေအတွက် တစ်သိန်းခန့်သည် ရပ် / ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ[1] တွင် အုပ်ချုပ်ရေးမှူးနေရာ (၁၆,၇၈၅) နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသန္တရ ရွေးကောက်ပွဲများကျင်းပရန် အချိန်တိုအတွင်းမှာပင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုအချိန်သည် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက်တင်မြှောက်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရသစ်တစ်ရပ်ကို မည်သို့ဖွဲ့စည်းမည်ကို ပြည်သူလူထုတစ်ရပ်လုံးမှစိတ်ပါဝင်စားစွာ စောင့်ကြည့်နေချိန်ပင်ဖြစ်သည်။ သို့ရာတွင်လည်း ပြည်တွင်းသတင်းစာအနည်းငယ်မျှသာ အဆိုပါရွေးကောက်ပွဲများနှင့် ပက်သက်သော သတင်းအကြောင်းအရာများကို ဖော်ပြခဲ့သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၌ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကဲ့သို့မဟုတ်ဘဲ ဤဒေသန္တရ ရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့များမရှိခြင်း၊ စောင့်ကြည့်လေ့လာအကဲခတ်ခြင်းများ မရှိသလောက် ဖြစ်ခဲ့သည်။ ဒေသခံအဆင့်အုပ်ချုပ်မှုအခြေအနေနှင့် စပ်လျဉ်း၍ပြည်တွင်း အသိပညာရှင်များ၊ အစိုးရမူဝါဒပညာရှင်များနှင့် အလှူရှင် အသိုင်းအဝိုင်းများအကြားတွင်လည်း အချေအတင်ဆွေးနွေးမှု အနည်းငယ်သာရှိခဲ့သည်။ ဤဒေသန္တရ အုပ်ချုပ်ရေးမှူးများသည် အထိုက်အလျောက်အာဏာရှိသည့်အပြင် ဒေသန္တရ ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားရေး၊ ပဋိပက္ခ ဖြေရှင်းခြင်းနှင့် မြေယာစီမံခန့်ခွဲရေးတို့တွင် အဓိကအခန်းကဏ္ဍမှပါဝင်ရသောကြောင့် ဒေသဆိုင်ရာအဆင့်၌ နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူးဆက်ဆံပေးသည့် အခြေခံအကျဆုံးဖြစ်ခြင်းကြောင့် အရေးပါသောကိစ္စဖြစ်သည်။

နိုင်ငံသားများသည် အလုပ်အကိုင်သစ်အတွက်လျှောက်ထားခြင်း၊ သန်းခေါင်စာရင်း ရယူလိုခြင်း၊ နိုင်ငံသားစစ်ဆေးရေးကဒ်ပြား ပြုလုပ်လိုခြင်း (သို့မဟုတ်) မြေယာလွှဲပြောင်းခြင်း အစရှိသည်တို့ကို ပြုလုပ်ရန် လျှောက်ထားလိုသည့်အခါ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံစာများကို ပထမဦးဆုံး ရယူကြရသည်။ ဒေသခံအုပ်ချုပ်ရေးမှူးများသည်း မိသားစုအတွင်းမဖြေရှင်းနိုင်သော ပြစ်မှုအသေးစားများ၊ လူမှုရေးဆိုင်ရာအငြင်းပွားဖွယ်ကိစ္စရပ်များတွင် ကြားဝင် စေ့စပ်ညှိနှိုင်းသူများအဖြစ်လည်း အဓိကတာဝန်ယူဖြေရှင်းပေးကြရသည်။ ထို့အပြင် ဒေသန္တရဖွံ့ဖြိုးရေးရံပုံငွေများ တိုးမြှင့်ထားရှိလာခြင်းကြောင့် ၎င်းတို့သည်အရေးပါသောအခန်းကဏ္ဍများ၌ ပို၍လုပ်ကိုင်လာကြရသည်။ အုပ်ချုပ်ရေးမှူးများသည် ဒေသခံအဆင့်မြေယာစီမံခန့်ခွဲရေးကော်မတီများ၏ ဥက္ကဌများအဖြစ်တာဝန်ယူရသဖြင့် မြေယာနှင့်ပက်သက်သော အရေးကိစ္စများကို အဓိကကိုင်တွယ်ရသည့်သူများဖြစ်သည့်အားလျော်စွာ ယခုအချိန်ကဲ့သို့သော မြေယာပဋိပက္ခအငြင်းအပွား ပြဿနာများ ပိုမိုတိုးများလာသည့် အချိန်ကာလတွင် အင်မတန်အရေးပါသည့် ကဏ္ဍမှပါဝင်လာကြောင်းကိုလည်း တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ် ပို၍ကျယ်ပြန့်လာစေရန်အတွက် ဒေသခံအုပ်ချုပ်ရေးမှူးများကို မည်သို့ရွေးကောက်တင်မြှောက်ခဲ့ခြင်းနှင့် ရွေးကောက်ခံရပြီးသော အုပ်ချုပ်ရေးမှူးများသည် နေ့စဉ်ကြုံတွေ့ရမည့်ကိစ္စရပ်များကို မည်သည့်နည်းလမ်းဖြင့် စီမံအုပ်ချုပ်မှုပြုလုပ်သည် ဆိုသည့်အချက်တို့သည် အခြေခံလိုအပ်ချက်ဖြစ်သည်။ ဒီမိုကရေစီစနစ်ဖြစ်တည်ရေးသည် အခြေခံအကျဆုံးဒေသန္တရအဆင့်အားလုံးနီးပါး၌ နိုင်ငံရေးဆိုင်ရာပြောင်းလဲခြင်းများနှင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားများအကြားနေ့စဉ် အပြန်အလှန်ထိတွေ့ဆက်ဆံမှုများအပေါ်တွင် များစွာ မူတည်လျက်ရှိသည်။ သိသာထင်ရှားသော ပြောင်းလဲမှုတစ်ရပ်မှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ယခင်ကာလများ၌ သက်ဆိုင်ရာမှခန့်အပ်တာဝန်ပေးခြင်း ပြုလုပ်ခဲ့ရာမှ ယခုအခါတွင်မူ ဆန္ဒမဲပေးကာ ရွေးကောက်တင်မြှောက်သည့် စနစ်သို့ကျင့်သုံးလာခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ စနစ်တစ်ခု၏အောက်ခြေပိုင်းတာဝန်ခံမှု များပြားစွာဖြစ်လာမည့် အလားအလာနှင့် ပြည်သူအများကိုယ်စားပြုခြင်းပိုမိုမြင့်မားနိုင်လာပုံကို ညွှန်ပြလျက်ရှိသည့် ဒီမိုကရေစီဖော်ဆောင်ရာတွင် အင်မတန်အရေးပါလှသည့်အချက်များဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဆယ်အိမ်စုမှူးများမှသာ အုပ်ချုပ်ရေးမှူးများကို ဆန္ဒမဲပေးခြင်းဖြင့် ရွေးချယ်တင်မြှောက်ကြသဖြင့် ရွေးကောက်ပွဲများမှာလက်ရှိတွင် ပြည်သူအားလုံးမှ တိုက်ရိုက်မဲပေးပိုင်ခွင့်မရှိသည့် တဆင့်ခံရွေးချယ်ခြင်းပုံစံကို ကျင့်သုံးနေခြင်းဖြစ်သည်။ အချို့သော ရွေးကောက်ပွဲလေ့လာသူများမှလည်း သာမန်ပြည်သူလူထုများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲအပေါ် သိရှိနားလည်သဘောပေါက်မှုနှင့် စိတ်ပါဝင်စားမှုနည်းပါးကြောင်းကိုလေ့လာတွေ့ရှိရသဖြင့် ဤ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများရွေးကောက်ပွဲသည် နိုင်ငံရေးဆိုင်ရာ ကျင့်သုံးခြင်းထက် စီမံခန့်ခွဲအုပ်ချုပ်ရေး ကဏ္ဍပိုင်း ပိုမိုဆန်ကြောင်း အကြံပြုပြောဆိုမှုများ ရှိခဲ့သည်။ သို့ရာတွင်လည်း အခြားတစ်ဖက်တွင်မူ ဤကဲ့သို့နိုင်ငံရေးပါတီများပိုမိုပါဝင်လှုပ်ရှားလာခြင်းနှင့် အပြိုင်အဆိုင် အနိုင်ရရှိရန်ယှဉ်ပြိုင်လာမှုများမှာ ဒေသန္တရဆိုင်ရာ စီမံခန့်ခွဲအုပ်ချုပ်ရေးပိုင်းအနေဖြင့် နိုင်ငံရေးနယ်ပယ်တစ်ခု ဖြစ်လာခြင်းနှင့် နိုင်ငံသားများနှင့် နိုင်ငံတော်အကြား ထိတွေ့ဆက်ဆံမှု ပိုမိုသက်ဝင်လှုပ်ရှားလာ ခြင်းများကို ဖော်ပြလျက်ရှိသည်။

ဤစာတမ်းအကျဉ်းချုပ်ကို မြန်မာနိုင်ငံတဝှမ်းဒေသ အသီးသီး၏ ၂၀၁၆ ခုနှစ် ဒေသန္တရရွေးကောက်ပွဲကို လေ့လာခဲ့ကြသည့် အသိပညာအတတ်ပညာရှင်များ၊ တိုင်ပင်ခံအကြံပေးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များပါဝင် တက်ရောက်ဆွေးနွေးခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့သော ဝိုင်းဖွဲ့ဆွေးနွေးပွဲကိုအခြေခံကာ ပြုစုရေးသားထားခြင်းဖြစ်သည်။ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဒေသန္တရ ရွေးကောက်ပွဲလုပ်ငန်းစဉ်မှ ရရှိလာသောအတွေ့အကြုံများ၊ ရွေးကောက်ပွဲများကို ဒေသခံပြည်သူအများမှ လက်ခံသဘောပေါက်ပုံများသည် မည်သို့မည်ပုံရှိခြင်းနှင့် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများသည် ဒေသန္တရလူမှုရေး၊ နိုင်ငံရေးနှင့်ဆက်နွယ်သောဘဝများအပေါ်တွင် မည်သည့်အခန်းကဏ္ဍများမှပါဝင်ပက်သက်သွားမည်နည်း အစရှိသည့် ခေါင်းစဉ်များကို ဆွေးနွေးဝေမျှခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဆိုင်ရာ အသွင်ကူးပြောင်းရေးကာလ၌ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခြင်းဆိုင်ရာနယ်ပယ်တွင် လက်

---

1 **ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲ**

တွေ့ကျင့်သုံးနေသည့် စည်းမျဉ်းဥပဒေများသည် အားနည်းနေကြောင်းအား တင်ပြဆွေးနွေးခြင်းအပါအဝင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ အနာဂတ် အခန်းကဏ္ဍအား ဆွေးနွေးတိုင်ပင်ရန် အခွင့်အလမ်းများကိုလည်း တင်ပြဆွေးနွေးခဲ့ကြသည်။ ဤအရေးကိစ္စများသည် မြန်မာနိုင်ငံ၏ ဒေသန္တရ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုချုပ်ကိုင်မှု လျော့ချရေးနှင့် ပက်သက်သော ဆွေးနွေးပြောဆိုမှုများ ပိုမိုဖြစ်ထွန်းလာစေရန် တွန်းအားသဖွယ်ဖြစ်သည်။

## ဒေသန္တရအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေမူဘောင်ချမှတ်ခြင်း

၂၀၁၂ ခုနှစ်၌ သမ္မတဦးသိန်းစိန်ဦးဆောင်သောအစိုးရအဖွဲ့သည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးနည်း ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ဤဥပဒေအရ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို အိမ်ထောင်စုအသီးသီးရှိ အိမ်ထောင်ဦးစီးများမှ လျှို့ဝှက်ဆန္ဒမဲပေးကာ ရွေးချယ်ထားသော ဆယ်အိမ်စုကိုယ်စားလှယ်များမှ တဆင့် ဆန္ဒမဲပေးကာ ရွေးကောက်တင်မြောက်ကြသည်။ ၎င်းသည် ယခင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးတန်းအရာရှိများမှ တိုက်ရိုက်ခန့်အပ်ခဲ့သည့်စနစ်မှ ပြောင်းလဲလာသည့်အချက်ဖြစ်သဖြင့် အောက်ခြေမှအထက်သို့တက်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးခြင်း ပြောင်းလဲမှုဆိုင်ရာ တိုင်းတာချက်တစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ ရပ် /ကျေးအုပ်ချုပ်မှူး၏ သက်တမ်းကို နိုင်ငံတော်သမ္မတ၏သက်တမ်းနှင့်တစ်ပြေးညီဖြစ်စေရန် ၅ နှစ်ကြာသက်တမ်းအဖြစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ပြောင်းလဲသတ်မှတ်ခဲ့သည်။ သက်တမ်းအသစ်မှာ ဧပြီလ ၁ ရက်နေ့မှစ၍ ၅ နှစ်တာကာလဖြစ်ပြီး၊ ရွေးကောက်တင်မြောက်ခြင်း ခံရသောသူသည် ဒေသခံနေထိုင်သူများ၏လေးစားကြည်ညိုခြင်းကို ခံရသည့်သူဖြစ်ရမည်ဟု ထည့်သွင်းဖော်ပြထားသဖြင့် ရပ်ကွက်၊ ကျေးရွာဒေသခံများမှ လိုအပ်ပါက အုပ်ချုပ်ရေးမှူးအား ပြောင်းလဲခန့်အပ်နိုင်သည့် အခွင့်အရေးရှိနေသည်ဟူသည့် သဘောပင်ဖြစ်သည်။ ရွေးကောက်ပွဲများကို မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးကြီးမှူးလမ်းညွှန်ပြီး ရပ်မိရပ်ဖ(၅) ဦးဖြင့် ဖွဲ့စည်းထားသော ကြီးကြပ်ရေးဘုတ်အဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ကြသည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို အစိုးရဝန်ထမ်းများအဖြစ် တရားဝင် သတ်မှတ်ခြင်းမပြုသော်ငြားလည်း ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တည်ရှိနေခြင်းကြောင့် ဗျူရိုကရေစီစနစ်၏ အခြေခံအကျဆုံးအဆင့် အဖြစ် သဘောထားနိုင်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ရပ်ကွက်/ ကျေးရွာအုပ်စုများကို ကိုယ်စားပြုခြင်းလုပ်ငန်းအပြင်၊ လက်တလောကာလ၌ ရွေးကောက် တင်မြောက်ထားခြင်းမဟုတ်သည့် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့နှင့် ကိုယ်စားလှယ်များမရှိသော မြို့နယ်အဆင့်အုပ်ချုပ်ရေးဌာနများမှ လမ်းညွှန်ချက်များကို လုပ်ဆောင်နေခြင်းသည် ဖွဲ့စည်းပုံစနစ်တစ်ခုအတွင်း၌ အထက်သို့ မော်ကြည့်ပြီး ၎င်းတို့ကိုယ်စားပြုဒေသများ၏ လိုအပ်ချက်များ၊ ဦးစားပေးလုပ်ငန်းများ ဆက်သွယ် ဆောင်ရွက်နေခြင်းဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက်တင်မြောက်ထားခြင်းမဟုတ်သည့် အထက်အရာရှိများ၏ အမိန့်အာဏာကို နာခံလုပ်ကိုင်ရသဖြင့် ပိုမိုကျယ်ပြန့်သည့်အစိုးရစနစ်အတွင်းတွင် တည်ရှိနေခြင်းဖြစ်သည်။

ဒေသခံအုပ်ချုပ်ရေးမှူးများ၏ အဓိကလုပ်ငန်းတာဝန်များမှာ ၂၀၁၂ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သည့် ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေဖော်ပြပါတာဝန်များမှ သိသိသာသာပြောင်းလဲခြင်းမရှိဘဲ စီမံခန့်ခွဲရေးတာဝန်များနှင့် အေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေး အစရှိသည့်အချက်များအပေါ်တွင် အဓိကအခြေခံထားသည်ကိုတွေ့ရသည်။ သို့သော်လည်းအခြားထည့်သွင်းထားသည့် ဥပဒေသစ်များဖြစ်သော မြေယာနှင့်သက်ဆိုင်သည့် ဥပဒေများ၊ ၂၀၁၂ ခုနှစ်မှအစပြုကာ အကောင်အထည်ဖော်ခဲ့သည့် ဒေသန္တရဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်စပ်လျဉ်းသောဥပဒေများအစရှိသည့် လုပ်ပိုင်ခွင့်ဥပဒေများသည် အုပ်ချုပ်ရေးမှူးများအားတာဝန်ဝတ္တရားအသစ်များကိုလုပ်ဆောင်ရန်အပ်နှင်းပေးခဲ့သည်။ ဤသူများအနေဖြင့် မြေယာစီမံခန့်ခွဲရေးကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူရသည့်အပြင် ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများနှင့် ပူးပေါင်းကာ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲသတ်မှတ်ခြင်း၊ ကြပ်မတ်စစ်ဆေးခြင်းလုပ်ငန်းများကိုထမ်းရွက်



The eligible voters are waiting for the results of the ward administrator election. Annika Pohl Harrisson

ရသည်။ မြေယာပဋိပက္ခပြဿနာများ များပြားလာခြင်းနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေများ ဒေသန္တရအဆင့်များသို့ ပိုမိုစီးဆင်းလာသဖြင့် ဒေသခံအုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ယူထမ်းရွက်ထားသည့် ဤနယ်ပယ်များတွင် အာဏာနှင့် ဩဇာပိုမိုပေးအပ်ထားရှိသည်ကို တွေ့မြင်နိုင်သည် ဖြစ်သည်။

၂၀၁၂ ခုနှစ် ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေ၏ သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုမှာ ၂၀၁၂ ခုနှစ်မတိုင်မီအထိ အုပ်ချုပ်ရေးအာဏာရှိကာ၊ ကျေးလက်ဒေသများတွင် ကျေးရွာလူကြီးများအဖြစ် တာဝန်ယူကြပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ အဓိကအရေးပါသောလက်ထောက်အဖြစ် ဆောင်ရွက်သူများဖြစ်သည့်ရာအိမ်မှူးရာထူးများကိုထည့်သွင်းထားမှု မရှိခြင်း ဖြစ်သည်။ ထို့ကြောင့် ဤဥပဒေပြဋ္ဌာန်းချက်အရ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ပိုင်ခွင့်အာဏာ ပိုမိုမြင့်မားကြောင်းကို ရည်ညွှန်းလျက်ရှိသည်။ ယခင်က ဒေသခံအုပ်ချုပ်ရေးမှူးများသည် စေတနာ့ဝန်ထမ်းများအဖြစ် လုပ်ကိုင်ခဲ့သော်လည်း၊ ၂၀၁၂ ခုနှစ် ရပ်/ကျေးအုပ်ချုပ်ရေး ဥပဒေအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှသတ်မှတ်ထားသော လစဉ်ချီးမြှင့်ထောက်ပံ့ငွေကို ပေးအပ်မည်ဖြစ်ကာ ရုံးအသုံးစရိတ်ဘက်ဂျက်[2]နှင့် အုပ်ချုပ်ရေးမှူး၏ စီမံခန့်ခွဲရေး တာဝန်များကို ကူညီပံ့ပိုးပေးသော အထောက်အကူပြုရုံးဝန်ထမ်းဖြစ်သည့် စာရေးအတွက် လစာငွေ[3]များကိုလည်း တိုးမြှင့်ပေးထားသည်။

ဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးမှ ၂၀၁၂ ရပ်/ကျေး အုပ်ချုပ်ရေးဥပဒေသည် ဒေသခံပြည်သူများမှ ယခင်ဝန်ကြီးဌာနထံသို့ပေးပို့သည့် တိုင်ကြားစာများတွင်ပါဝင်သည့် နေရာအနှံ့ကျယ်ပြန့်စွာဖြစ်ပွားနေသော အဂတိလိုက်စားမှုများနှင့် ယခင်ဒေသခံစီမံအုပ်ချုပ်သူများ အာဏာအလွဲသုံးစားပြုခြင်းကို ဖြေရှင်းရန် ရေးသားထုတ်ပြန်ခဲ့ရသည့် အကြောင်းအရင်းတစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ သာဓကအချို့မှာ တရားမဝင်မြေယာလွှဲပြောင်းပေးအပ်ခြင်းနှင့် နိုင်ငံသားများထံမှ ခြိမ်းခြောက်ငွေညှစ်မှုများဖြစ်သည်။ လစာမရှိခြင်းကြောင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးများတာဝန်ယူထားကြသည့်သူများသည် များသောအားဖြင့် လုပ်ငန်းကျွမ်းကျင်မှုမရှိသည့်အပြင် ပညာအရည်အချင်း မြင့်မားမှုမရှိသည့်သူများ ဖြစ်ကြသည်။ ယခုအချိန်အခါတွင် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်သည့်အချက်အပြင် ၂၀၁၂ ခုနှစ် ဥပဒေပါ အခြားသောအချက်များမှာ အုပ်ချုပ်ရေးမှူးများအနေဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် မိမိ၏အကျိုးစီးပွားအတွက် အင်အားသုံးခြင်း (လုပ်အားပေးခိုင်းစေခြင်း)၊နှင့် အိမ်ထောင်စုများထံမှ ငွေကြေးကောက်ခံခြင်းများကို တားမြစ်ထားသည်။ ဤစစ်ဆေးသတ်မှတ်ချက်များကို ၂၀၁၂ ခုနှစ် ဥပဒေတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍စီစစ် သတ်မှတ်ချက်များကို ဖော်ပြထားသဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးကောက်ခံမည့်သူများအနေဖြင့် ဤအရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်လာသူ အများအပြားမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ချက် ၁၁ ချက် အနက် သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းနှင့် စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်းဆိုသည့် အချက်များကိုအဓိကထား ဆွေးနွေးပြောကြားခဲ့သည်။ စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်းဆိုသည့် အရည်အချင်းသတ်မှတ်ချက်သည် အဂတိလိုက်စားမှုကို ဖြေရှင်းရန်ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ အခြားသော အရည်အချင်းသတ်မှတ်ချက်များမှာ နိုင်ငံသားစစ်စစ်ဖြစ်ခြင်း (မြန်မာနိုင်ငံသားမိဘနှစ်ပါး မှ မွေးဖွားခြင်း)၊ အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်း အနည်းဆုံး (၁၀)နှစ် နေထိုင်သူဖြစ်ခြင်း၊ရပ်ကွက်ကျေးရွာအသိုင်းအဝိုင်း၏ လေးစားကြည်ညိုခြင်းခံရသူဖြစ်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်သည့်မိသားစုမှဖြစ်ခြင်း နှင့် တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းတစ်ဦးမဟုတ်ခြင်း အစရှိသည့် အချက်များ ပါဝင်သည်။

## (၂၀၁၂)ခုနှစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၏ အားနည်းချက်

နိုင်ငံတကာစံသတ်မှတ်ချက် ရှုထောင့်မှ သုံးသပ်ချက်အရ အဓိကစိုးရိမ်ရသည့်ကိစ္စရပ် တစ်ရပ်မှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများသည် ပြည်ထဲရေးဝန်ကြီး၏ လက်အောက်တွင်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကျင်းပရခြင်းဖြစ်ကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)ကဲ့သို့သော လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းထားမှု မရှိခြင်းဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးချယ်ရာ၌ ကြီးကြပ်ကွပ်ကဲရေးအတွက် အချို့သော အခြေအနေများတွင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် နာမည်ကျော်ကြားသူများဖြင့် အတည်ပြုဖွဲ့စည်းထားခြင်းနှင့် ရပ်ရွာလူကြီးများ ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းပါဝင်ထားသည့်အဖွဲ့ဝင်(၅)ဦးပါဝင်သောကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ကြသည်။ ဤအချက်ကြောင့် ကြီးကြပ်ကွပ်ကဲရာတွင် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမှုမရှိဘဲ ဘက်လိုက်မှုများရှိကောင်းရှိနိုင်သည့် အလားအလာရှိသည်။ ဤအချက်သည်လည်း နိုင်ငံတကာမှ ရွေးကောက်ပွဲဆိုင်ရာရန်ပုံငွေများ ဒေသန္တရ ရွေးကောက်ပွဲများဆီသို့ အဘယ်ကြောင့် ထောက်ပံ့ခြင်း မရှိခြင်းဆိုသည့်အကြောင်းရင်းကို ရှင်းလင်းဖော်ပြလျက်ရှိသည်။

ထပ်မံဆွေးနွေးတင်ပြခြင်းပြုလုပ်ခဲ့သည့် နယ်ပယ်တစ်ခုမှာ ဒေသန္တရ ရွေးကောက်ပွဲများသည် ပြည်သူတစ်ရပ်လုံး တိုက်ရိုက်ဆန္ဒမဲပေးပြီးကျင်းပခြင်းမဟုတ်ဘဲတဆင့်ပေးရခြင်းနှင့် တစ်ကမ္ဘာလုံး လက်ခံကျင့်သုံးနေသည့် အသက် (၁၈) ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းမှ သွေဖယ်၍ နိုင်ငံသားအားလုံး ပါဝင်ခွင့် မရခဲ့ခြင်းပင်ဖြစ်သည်။ အကြောင်းအရင်းမှာ ဆယ်အိမ်မှူးများကို အိမ်ထောင်ဦးစီးများမှသာ ရွေးကောက်တင်မြှောက်ကြပြီး အမျိုးသမီးများနှင့် လူငယ်လူရွယ်များသည် မဲဆန္ဒပေးပိုင်ခွင့်မှ ကန့်သတ်ခြင်းခံခဲ့ရခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များအရ ဤ

---

**2 ရုံးအသုံးစရိတ်နှင့် ပက်သက်၍ ၂၀၁၂ ရပ်/ကျေး ဥပဒေတွင် ရုံးအသုံးစရိတ်များ သုံးစွဲနိုင်ရန် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း၌ မြို့နယ်အလိုက် သင့်လျော်သည့် ရန်ပုံငွေပမာဏကို ခွဲဝေလျာထားရမည် ဆိုသည့်အချက်နှင့် ရန်ပုံငွေသုံးစွဲရေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြတောင်းခံပြီး စနစ်တကျ သုံးစွဲရမည်ဟုသာ ဖော်ပြထားပြီး တိုးမြှင့်ပေးထားသည် ဆိုသည်ကို ဖော်ပြထားခြင်းမရှိပါ။**

**3 ၂၀၁၂ ခုနှစ် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေတွင် ရုံးဝန်ထမ်း အတွက် လစာငွေတိုးမြှင့်ခြင်းအား ဖော်ပြထားခြင်းမရှိပါ။ ရုံးဝန်ထမ်းလုပ်ငန်းတာဝန်များကိုသာ ဖော်ပြထားသည်။**

ဒေသန္တရ ရွေးကောက်ပွဲများကို ဒီမိုကရေစီစနစ်အရ ကျင်းပသော ရွေးကောက်ပွဲများဖြစ်သည်ဟု ဆို၍မရပေ။ မည်သို့ပင်ဆိုစေကာမူ အုပ်ချုပ်ရေးမှူးရာထူးနေရာအတွက် ယခင်ကာလများ၌ အုပ်ချုပ်ရေးမှူးများကို ခန့်အပ်တာဝန်ပေးခြင်းထက် ပိုမိုကာ ဒီမိုကရေစီဆန်လာခြင်းဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး၏ မဲပေးမှုအကြောင်းအရာနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည့်အချက်နှစ်ချက်မှာ လက်တွေ့တွင် အနည်းငယ်မျှသောပြည်သူများသာ မဲဆန္ဒပေးရန် စိတ်ပါဝင်စားခြင်းနှင့် ထိုသို့ကျင်းပရန် ငွေကြေးရန်ပုံငွေ အမြောက်အများလိုအပ်ခြင်း စသည့်အချက်များဖြစ်သည်။

၂၀၁၂ ခုနှစ် ဥပဒေတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးနေရာအတွက် ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများကို မည်ကဲ့သို့ အဆိုတင်သွင်းရမည်၊ အများပြည်သူသိစေရန် မည်သို့ထုတ်ဖော်ပြောဆိုရမည်ကို ဖော်ပြထားခြင်းမရှိသည့်အပြင်၊ ရွေးကောက်ပွဲကို မည်သည့်အချိန်ကာလတွင် ကျင်းပရမည်ဟူသော တရားဝင်သတ်မှတ်ထားသောစည်းမျဉ်းဥပဒေ မရှိခြင်းကြောင့် ရွေးကောက်ပွဲများကို အလျင်သင့်သလိုကျင်းပနေသကဲ့သို့ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား ဖြေရှင်းရမည့်နည်းလမ်းများသည် ဥပဒေကြောင်းအရ ရှင်းလင်းမှု မရှိပေ။ ပြဿနာများဖြစ်ပွားပါက မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးထံသို့ ပြည်သူများမှ တိုင်ကြားကြသည့်စနစ်နှင့် ရွေးကောက်ပွဲများကို ပြည်သူများမှဆန္ဒမဲပေးရန်စိတ်ကုန်လာသည့်အချိန် (သို့မဟုတ်) ရွေးကောက်ပွဲရလာဒ်နှင့်ပတ်သက်၍စိတ်ကျေနပ်သည့်အချိန်၌ ကျင်းပခဲ့သည့်ဖြစ်ရပ်များဖြစ်သည်။

ထပ်မံဆွေးနွေး တင်ပြကြသည့် အကြောင်းအရာတစ်ခုမှာ ၂၀၁၂ ခုနှစ် ဥပဒေတွင် ရာအိမ်မှူးများထားရှိမှုကို ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။ ဒေသခံနေထိုင်သူများ၏ပြောဆိုချက်များနှင့် ဒေသဆိုင်ရာ အခြေအနေများအရ ရာအိမ်မှူးများကို လိုအပ်နေဆဲဖြစ်ကြောင်းနှင့် လက်တွေ့၌ နိုင်ငံ၏နေရာဒေသအမြောက်အမြား၌ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ ဆောင်ရွက်ဖို့ အလို့ငှာ ဆက်လက်ထားရှိရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် ဝေးလံခေါင်သီသော နေရာဒေသများရှိ ကျေးရွာများတွင် ရာအိမ်မှူးနေရာများအား ဖယ်ရှားလိုက်ခြင်းကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာငယ်များအကြား ဆက်ဆံရေးသည် ပိုမိုပြတ်တောက်မှုများရှိခဲ့သည်။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများအတွက် သုံးစွဲနိုင်သော ရန်ပုံငွေများ တိုးလာသည်နှင့် အမျှ ကျေးရွာငယ်များကို ပို၍ကြီးသော အုပ်စုကျေးရွာများမှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် စိုးမိုးခြယ်လှယ်ခြင်းဖြင့် ခွဲခြားဆက်ဆံမှုများကို ခံစားခဲ့ကြရသည်။ ကျေးရွာလူကြီးဟု အလွတ်သဘောအရ သမုတ်ခြင်းခံရသော ရာအိမ်မှူးများသည် သာမန်ပြည်သူများ၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအကြား ဆက်သွယ်ပေးသည့်ပေါင်းကူးဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်လာသူများ၏ လေ့လာသုံးသပ်ချက်အရ ရာအိမ်မှူးများသည် မြို့နေရပ်ကွက်များတွင် အလွတ်သဘောပုံစံမျိုးဖြင့်ဆက်လက်တည်ရှိနေကြောင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် အရေအတွက်များသော ဆယ်အိမ်မှူးများထက် အရည်အတွက်နည်းသောရာအိမ်မှူးများနှင့် အတူတကွအလုပ်လုပ်ကိုင်ရန် လက်တွေ့ပိုကျပုံရှိသဖြင့် ရာအိမ်မှူးများကို ရွေးချယ်တင်မြောက်သည့်သဘောကို တွေ့မြင်နိုင်သည်။ ၂၀၁၂ ခုနှစ် ဥပဒေတွင် ရာအိမ်မှူးခေါင်းဆောင်များကို ထည့်သွင်းခဲ့ခြင်း မရှိခြင်းမှာ မည်သည့်အကြောင်းကြောင့်ဆိုသည်ကို မရှင်းလင်းကြပေ။

ဆွေးနွေးပွဲတွင် တင်ပြခဲ့သည့် သုံးသပ်ချက်တစ်ခုမှာ ရွေးကောက်ခံအုပ်ချုပ်ရေးမှူး လောင်းများသည် စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ရမည်ဟူသော အရည်အချင်းသတ်မှတ်ချက်သည် အဂတိလိုက်စားမှုကိုကာကွယ်ရန်ဟူ၍ နားလည်သဘောပေါက်နိုင်သော်လည်း တစ်ဖက်တွင်မူ ငွေကြေးပြည့်စုံသည့် နိုင်ငံသားများကိုသာ ဒေသန္တရခေါင်းဆောင်ဖြစ်ရန် ပိုမိုဦးစားပေးနေသကဲ့သို့ ဖြစ်နေသည်။ နောက်ထပ် ထင်မြင်ယူဆချက်တစ်ချက်မှာ ထိုသတ်မှတ်ချက်အရ အုပ်ချုပ်ရေးမှူးများသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများစွာ ရှိနေမည်ဖြစ်ခြင်းကြောင့်၊ ၎င်းတို့အနေဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်ကို မိမိတို့ အားလပ်ချိန်များဖြစ်သည့် ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေနေ့များတွင်သာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အမျိုးသမီးအများစုသည် အများအားဖြင့် ညပိုင်းတွင် အခြားသော ကျေးရွာများသို့သွားရောက်ကာ အလုပ်လုပ်ရခြင်းနှင့် ခရီးသွားရခြင်းများကို ပိုမို တွန့်ဆုတ်ကြသောကြောင့် ဤအချက်သည် အမျိုးသမီး အုပ်ချုပ်ရေးမှူးများအတွက် အခက်အခဲဖြစ်စေမည့်စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။ သို့သော်လည်း မော်လမြိုင်၊ ဘားအံမြို့များမှ ရွေးကောက်ခံခဲ့ရသည့် အုပ်ချုပ်ရေးမှူးများသည် အုပ်ချုပ်ရေးမှူးရာထူးမှရရှိလာသော ချီးမြှင့်ထောက်ပံ့ငွေနှင့် အခြားအကျိုးခံစားခွင့်များသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် လုံလောက်သည်ဟု စဉ်းစားထားသည့် အုပ်ချုပ်ရေးမှူးများသည် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန်များကို ဆောင်ရွက်ရန်အတွက် ၎င်းတို့၏ အလုပ်များမှ နှုတ်ထွက်ခဲ့သည့် ဥပမာဖြစ်ရပ်များ ရှိနေသည်။

## ၂၀၁၆ ရွေးကောက်ပွဲများမှရရှိလာသော လေ့လာတွေ့ရှိချက်များနှင့်အတွေ့အကြုံများ

*ရွေးကောက်ပွဲကျင်းပပုံများ ပုံစံမျိုးစုံဖြစ်နေခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာအသိပညာနည်းပါးခြင်း*

ဒေသန္တရရွေးကောက်ပွဲများကို စီစဉ်ကျင်းပပုံများသည် အမျိုးမျိုးအဖုံဖုံကွဲပြားနေလျက်ရှိရာယင်းသည် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်သူအများသတင်းအချက်အလက် ရရှိမှုနည်းပါးခြင်း၊ ဆွေးနွေးတိုင်ပင်မှုများ နည်းပါးခြင်းဟူသည့် အချက်ကိုထင်ဟပ်လျက်ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်များကို မြို့နယ်အုပ်ချုပ်ရေးအရာရှိများမှ ပေးခဲ့သော်လည်း၊ များသောအားဖြင့် ဤလမ်းညွှန်ချက်များကို ဒေသခံ ခေါင်းဆောင်များ၊ ရပ်ရွာလူကြီးများကိုသာပေးခဲ့ပြီး အများပြည်သူများကိုမျှဝေပေးခဲ့ခြင်းမရှိပေ။ မြို့နယ်အုပ်ချုပ်ရေးအရာရှိများသည် ပြည်သူများကို ဆန္ဒမဲပေးရန် နှိုးဆော်တိုက်တွန်းခဲ့သည့်အခြေအနေကို ဆွေးနွေးပွဲ တက်ရောက်လာသူများအနက်မှ တစ်ဦးတည်းသာ ကြုံတွေ့ခဲ့သည်။ ထို့အတူ ရွေးကောက်ပွဲစီစဉ်ရန် ချမှတ်ပေးခဲ့သည့်အချိန်ကာလသည် အင်မတန်တိုတောင်းခဲ့သည်။ အနည်းငယ်မျှသော နေရာဒေသများတွင်သာ မဲဆွယ်စည်းရုံးပွဲများ၊ ဆန္ဒမဲရှင် လက်ကမ်းစာစောင်များကိုဝေမျှခြင်းများကို ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲကို မည်သည့်နေ့ရက်တွင် ကျင်းပရမည် ဟူသော စိုးရိမ်မှုများရှိခဲ့ကာ ရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာသာမက တိုင်းဒေသကြီးတစ်ခုစီအတွင်း၌ပင် မတူညီသောရက်အမျိုးမျိုးဖြင့် ကျင်းပခဲ့သည်။ များသော

အားဖြင့် ပြည်သူအများသည် နောက်ဆုံးအချိန်ထိ ရွေးကောက်ပွဲကျင်းပမည် ကိုမသိရှိခြင်းနှင့် အချို့မှာ ရွေးကောက်ပွဲပြီးဆုံးသွားသည့်အချိန်မှသာ သိရှိခြင်းစသည့်ဖြစ်ရပ်များရှိခဲ့သည်။ မြို့တစ်မြို့တွင် အရေးပါသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသာမက နိုင်ငံရေးပါတီအချို့ပါ ရွေးကောက်ပွဲအကြောင်းကို မသိရှိခဲ့သည့် အခြေအနေများလည်း ရှိခဲ့သည်။ ဤအချက်ကြောင့် ဒေသန္တရ ရွေးကောက်ပွဲများ ကျင်းပရာတွင် အဆင်ပြေ သင့်တော်သလို ကျင်းပခဲ့သည့်ပုံ ဖြစ်နေသည်ဟု ယူဆနိုင်ကာ ပြည်သူ့လှုံ့ဆော်အသိပညာပေးမှုများ ကင်းမဲ့ကြောင်း သုံးသပ်နိုင်သည်။ ခြွင်းချက် အချို့မှလွဲ၍ အများအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ရပ်ရွာလူကြီးများ၊ ဒေသခံအကြီးအကဲများနှင့် နီးစပ်သူများမှအပ ပြည်သူများ၏ရွေးကောက်ပွဲဆိုင်ရာ တက်ကြွပါဝင်လှုပ်ရှားမှုအားနည်းကြောင်းကို တွေ့ရှိခဲ့ရသည်။ ခုံမှုများမဆွေးနွေးမှုများနှင့် စပ်လျဉ်း အမျိုးမျိုးအဖုံဖုံကွဲပြားနေလျက်ရှိရာ အသိပညာနည်းပါးခြင်းတံခါးမှုများကြုံတွေ့ရမည်ဖြစ်သည်။

ရပ်ရွာလူကြီးများဖြင့်ဖွဲ့စည်းထားသော ကြီးကြပ်ရေးအဖွဲ့များမှလွဲ၍ အချို့ဒေသများတွင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာနမှအရာရှိများ ဝင်ရောက်စွက်ဖက်မှု ပို၍နည်းသော ရွေးကောက်ပွဲကော်မတီများကို ဖွဲ့စည်းခဲ့ကြသည်။ အချို့ဒေသများတွင် ကြီးကြပ်ရေးအဖွဲ့ကိုရွေးချယ်ဖွဲ့စည်း ပြီးသည်နှင့်တစ်ပြိုင်နက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တိုက်ရိုက်ပါဝင်သည့်အခန်းကဏ္ဍမှာလည်း ပြီးဆုံးသွားသည်။ ဤအချက်မှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရာထူးများအတွက် ရွေးကောက်ပွဲကျင်းပရွေးချယ်ရာတွင် အထက်မှအောက်သို့ထိန်းချုပ်မှုလျော့နည်းကြောင်းကို ညွှန်ပြလျက်ရှိသည်။ သို့စေကာမူ ဤသည်လည်း ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်မှု အားနည်းခြင်းများကြောင့် ရွေးကောက်ပွဲများကို နိုင်ငံတဝှမ်းတွင် ပုံစံမျိုးစုံဖြင့် ကျင်းပခဲ့သည်ကို ရှင်းလင်းပြသလျက်ရှိသည်။ ဆွေးနွေးပွဲတက်ရောက်လာသူအများစု၏ ဆယ်အိမ်မှူးရွေးချယ်ခဲ့ပုံများနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များကို အောက်တွင်ဆက်လက်၍ ဖော်ပြပါမည်။ မြို့ပြနေထိုင်သူအချို့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုရွေးချယ်ရာတွင် ဆယ်အိမ်မှူးများမှ တဆင့်ရွေးကောက်ရသည်ထက် အိုးပိုင်အိမ်ပိုင်ရှိသူအိမ်ထောင်ဦးစီးများအားလုံးမှ တိုက်ရိုက်ဆန္ဒမဲပေးကာရွေးချယ်နိုင်သည် ဟုလက်ခံယူဆခဲ့မှုများလည်းရှိခဲ့ရာ မည်သူက ဆန္ဒမဲပေးနိုင်သည်ဟူသော အချက်နှင့်ပတ်သက်၍ မရှင်းလင်းမှုများလည်း ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ယေဘူယျထင်မြင်ယူဆမှုတစ်ခုမှာ ၂၀၁၆ ဒေသန္တရ ရွေးကောက်ပွဲများသည် တက်ကြွနိုင်ငံရေး ကျင့်သုံးမှုထက် စီမံခန့်ခွဲအုပ်ချုပ်ရေးပိုင်း ပို၍ဆန်သည့် အချက်ဖြစ်ပြီး လူထုပါဝင်ပက်သက်မှု မရှိသလောက်အထိ ဖြစ်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံစီမံအုပ်ချုပ်ရေးစနစ်တွင် အိမ်ထောင်ဦးစီးများသာ မဲပေးနိုင်ခွင့်ရှိသည်ဟု အကြမ်းဖျင်းလက်ခံထားသော အယူအဆများကြောင့် မဲဆန္ဒပေးနိုင်သူ မဲဆန္ဒရှင်အရေအတွက် နည်းပါးခြင်းနှင့် ဆန္ဒမဲဆွယ်ပွဲများ ကျင်းပလိုခြင်းမရှိခြင်း အကျိုးဆက်များကြောင့်ဖြစ်သည်။ ဒေသန္တရ ရွေးကောက်ပွဲများတွင် စိတ်ပါဝင်စားမှုနည်းပါးလှသည့်အကြောင်းအရင်းတစ်ခုမှာ အမျိုးသားအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများတွင်သာ အလေးပေးဆောင်ရွက်ပေးခဲ့မှုများကြောင့် ဖြစ်သည်။ အချို့ဒေသများမှ နိုင်ငံသားများသည် ဤရွေးချယ်ပွဲ နှစ်ပွဲအား ရှင်းလင်းကွဲပြားစွာသဘောပေါက်ခြင်းမရှိပေ။ အရပ်ဘက်လူမှုအဖွဲ့စည်းများနေရာမှ ကြည့်ရှုသုံးသပ်ရလျှင် ဤအဖွဲ့အစည်းများအနေဖြင့် ဒေသန္တရရွေးကောက်ပွဲများအတွက် ပြင်ဆင်ထားမှုမရှိခြင်းနှင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လက်ပမ်းကျနေသောကြောင့်လည်း ဖြစ်နိုင်သည်။

သာမာန်ပြည်သူလူထုများအကြားတွင် ယေဘူယျအားဖြင့် အမျိုးသားအထွေထွေ ရွေးကောက်ပွဲများမှာ ဒေသန္တရ ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် ပို၍ အရေးပါပြီး ၎င်းတို့နှင့်ပို၍ သက်ဆိုင်သည်ဟု ဆွေးနွေးသူများ မေးမြန်းလေ့လာခဲ့သည့် အခြေခံပြည်သူလူထုများမှလက်ခံထားကာ ဒေသန္တရရွေးကောက်ပွဲများကိုမူ ဆယ်အိမ်စုမှူးများနှင့် ရပ်ရွာအကြီးအကဲများနှင့်သာ သက်ဆိုင်သည်ဟု ယူဆကြသည်။ ဒေသတစ်ခုရှိပြည်သူများ၏မီးမောင်းထိုးပြချက်အရ ၎င်းတို့မှာ ဒေသန္တရခေါင်းဆောင်များ ရွေးကောက်ပွဲတွင် မဲပေးခြင်းထက်



Ten household leader election by people in the street, organized by an elder and a GAD official. Annika Pohl Harrisson

အမျိုးသားရွေးကောက်ပွဲများတွင် မဲပေးခြင်းသည် ၎င်းတို့အတွက် ပိုမို၍ တာဝန်ရှိသည်ဟု ယူဆကြသည်။ ရွေးကောက်ပွဲဆိုင်ရာ ကူညီပံ့ပိုးမှုများကို အဓိကပံ့ပိုးပေးသော နိုင်ငံတကာအလှူရှင်အဖွဲ့ အစည်းများသည်လည်း ဒေသန္တရရွေးကောက်ပွဲကို ကူညီပံ့ပိုးရန် အစီအစဉ်များ မရှိခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကြောင့် သတင်းအချက်အလက်ဝေမျှရေးနှင့် မဲဆန္ဒရှင်ပညာပေးရေး လုပ်ငန်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ခံအုပ်ချုပ်ရေးမှူးလောင်းများ၏ ကိုယ်ပိုင်အစီအစဉ်များအနေဖြင့်သာ ဆောင်ရွက်ရန် သက်ဆိုင်ကျန်ရစ်တော့သည်။ ကျေးလက်ဒေသများနှင့်ယှဉ်လျှင် မြို့ပြများတွင် ဒေသန္တရရွေးကောက်ပွဲများအပေါ် စိတ်ပါဝင်စားမှုနည်းပါးသည်။ မော်လမြိုင်မြို့၏ အစွန်အဖျား ကဲ့သို့သောဒေသများတွင် ရွေးကောက်ပွဲကို စိတ်ပါဝင်မားမှုပိုမိုမြင့်မားခဲ့ပြီး အုပ်ချုပ်ရေးမှူးလောင်းများ၏ အပြိုင်အဆိုင်ယှဉ်ပြိုင်မှုများ စပ်ဆက်အကြောင်းအရာများသည် လက်ဖက်ရည်ဆိုင်၊ ဘုန်းကြီးကျောင်းများတွင် အဓိကစကားဝိုင်းအဖြစ်ရှိခဲ့သည်ကိုတွေ့ရှိခဲ့ရာ ဤသို့မြို့ပြမကျတစ်ကျဖြစ်သော ရပ်ကွက်များ၏ အခြေအနေကိုမူ ခြွင်းချက်အနေဖြင့် သုံးသပ်ခဲ့ရသည်။ ဤအချက်ကို ဆက်လက်လေ့လာမှုများဆောင်ရွက်ရန် လိုအပ်သော်လည်း ကျေးလက်ဒေသခံအုပ်ချုပ်ရေးမှူးများသည် မြို့ပြနေရာဒေသများထက် ပို၍အရေးပါပြီးလုပ်ပိုင်ခွင့်ရှိသဖြင့် ဤသို့ကျေးရွာဒေသများနှင့် မြို့ပြဆန်သော ဒေသများတွင် ဒေသန္တရရွေးကောက်ပွဲပို၍ အရေးပါအရာရောက်ပုံရသည်။

ခြုံငုံ၍သုံးသပ်ရသော် ဒေသန္တရရွေးကောက်ပွဲများသည် နိုင်ငံရေးပိုမိုဆန်လာမည့် လက္ခဏာရပ်များလည်း တွေ့ရှိရသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရာထူးနှင့်ပတ်သက်၍ ဝင်ရောက်ယှဉ်ပြိုင်သူများမှ ဤရာထူးနှင့် ပက်သက်၍ တရားဝင်အသိအမှတ်ပြုခြင်းဆိုင်ရာအမြင်များ၊အချို့သောနေရာဒေသများ၌ အုပ်ချုပ်ရေးမှူးလောင်း၏ ယှဉ်ပြိုင်မှုများမြင့်မားလာခြင်းကို ညွှန်ပြနေခြင်းများနှင့် ဆယ်အိမ်မှူးများရွေးချယ်ခြင်းနှင့် ပတ်သက်၍ ထင်မြင်ချက်များပေးခြင်းများသည်လည်း သိသာထင်ရှားသော အပြောင်းအလဲများဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်လာသူအများစု၏ဝေမျှချက်များအရရွေးကောက်ခံအုပ်ချုပ်ရေးမှူးလောင်းများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပွင့်ပွင့်လင်းလင်း ပူးပေါင်းလာသော အတွေ့အကြုံများကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးပါတီများ၏ နိုင်ငံရေးတွင် ပါဝင်လာမှုမြှင့်တက်လာခြင်းအဖြစ် သုံးသပ်ရာ နိုင်ငံရေးပိုမိုဆန်လာမည့် အနေအထားများကိုလည်း တွေ့ရှိရသည်။

### *ရွေးကောက်ပွဲဝင်အုပ်ချုပ်ရေးမှူးလောင်းများနှင့် နိုင်ငံရေးပါတီများ၏ ပါဝင်မှုပိုမိုမြင့်မားလာခြင်း*

မဲဆန္ဒနယ်တစ်ခုစီမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနေရာအတွက် ယှဉ်ပြိုင်သူမှာ (၃)ဦးမှ (၅)ဦး အထိရှိကြောင်း လေ့လာတွေ့ရှိရသည်။ လက်ရှိအုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်နေသောသူများမှလည်း အုပ်ချုပ်ရေးမှူးထပ်မံ၍ ယှဉ်ပြိုင်ခဲ့ကြသော သာဓကများရှိခဲ့သော်လည်း များသောအားဖြင့်ပြောင်းလဲမှု အသစ်များစွာ ရှိခဲ့သည်။ အုပ်ချုပ်ရေးမှူးလောင်းများသည် ဆယ်အိမ်မှူးများဖြစ်ရမည်ဖြစ်သော်လည်း၊ အုပ်ချုပ်ရေးမှူးလောင်းများကို မည်ကဲ့သို့အဆိုတင်သွင်းသည်ကို ဥပဒေအရဖော်ပြထားခြင်းမရှိပေ။ ဥပမာအနေဖြင့် အချို့သောဝင်ရောက်ယှဉ်ပြိုင်လိုသောသူများသည် ရွေးကောက်ပွဲမကျင်းပမီ အချိန်အနည်းငယ်အတွင်းတွင်ပင် အနည်းငယ်သော လူများ၏ထောက်ခံမှုများကိုရယူကာ ဆယ်အိမ်မှူးအဖြစ်ခံယူကြသည်။ အုပ်ချုပ်ရေးမှူးလောင်းရွေးချယ် အတည်ပြုခြင်းများကို များသောအားဖြင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ရပ်ရွာလူကြီးများကို ဖိတ်ကြားကာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးရုံးများနှင့် ဒေသခံကျောင်းတွင် အစည်းအဝေးပွဲများကျင်းပခြင်းဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အချို့ဒေသများတွင် ပါဝင်တက်ရောက်သူများကို လူအများရှေ့သို့ ခေါ်ထုတ်၍ ဖိတ်ကြားကာ ဝင်ပြိုင်လိုခြင်းရှိမရှိ မေးမြန်းပြီး ကြီးကြပ်ရေးအဖွဲ့မှ ၂၀၁၂ ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေပါ အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ အုပ်ချုပ်ရေးမှူးလောင်းအဖြစ်အတည်ပြုကြသည်။ အချို့ဒေသများတွင် မိမိသဘောအလျောက် ဝင်ရောက်အရွေးချယ်ခံ၍မရဘဲ၊ အခြားသူများကထောက်ခံအကြံပြုထားသည့် သူများကိုသာ ခွင့်ပြုပေးထားသည်။ သွားရောက်လေ့လာခဲ့သည်နေရာဒေသများတွင် ဆယ်အိမ်မှူးများအားလုံး အစည်းအဝေးပွဲများသို့ ရောက်ရှိလာခဲ့ခြင်းမရှိပေ။ အချို့သောဒေသများတွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံလိုသည့်သူများသာ တက်ရောက်ခဲ့ကြပြီး အချို့သောဒေသများတွင် တက်ကြွစွာလုပ်ကိုင် ဆောင်ရွက်နေသော ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများပါဝင်တက်ရောက်ခဲ့ကြသည်။ အချို့သောဒေသများတွင် အုပ်ချုပ်ရေးမှူးလောင်းများရွေးချယ် အတည်ပြုခြင်းဆိုင်ရာ အစည်းအဝေးကျင်းပခြင်းနှင့် တဆက်တည်းမှာပင် ရွေးကောက်ပွဲများကို ကျင်းပပြီး၊ အချို့သောနေရာဒေသများတွင် အစည်းအဝေးကျင်းပပြီး နောက်တစ်ရက်တွင် ဆက်လက်၍ ဆန္ဒမဲပေးကာ ရွေးချယ်ခဲ့ကြသည်။ ပထမ ကျင်းပခြင်းပုံစံအရ ထောက်ခံမှုရရှိအောင်ဆန္ဒမဲဆွယ်ခြင်းများကိုပြုလုပ်ရန်အချိန်မရရှိပေ။ ဤအခြေအနေအရ အများထောက်ခံမှုရရှိရန် ဆယ်အိမ်မှူးများရွေးချယ်သည့် အချိန်တစ်ခုအတွင်းမှာပင် စည်းရုံးမှုများ ပြုကြရသည်။ ဥပမာအနေဖြင့် မော်လမြိုင်မြို့ရှိ ရပ်ကွက်တစ်ခုတွင် အလားအလာရှိသော အုပ်ချုပ်ရေးမှူးလောင်းများသည် မိမိအားထောက်ခံသူများအား ဆယ်အိမ်မှူးများအဖြစ် ဦးစွာပထမ ရွေးကောက်တင်မြှောက်ခြင်းခံရစေရန် နည်းဗျူဟာ အမျိုးမျိုးကို ကျင့်သုံးခဲ့ကြသည်။

ရွေးကောက်ခံအုပ်ချုပ်ရေးမှူးလောင်းများ အရည်အချင်းသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ စီးပွားရေးအရ ကောင်းမွန်ဖူလုံမှုရှိခြင်းနှင့် ရပ်ရွာတွင်ကာလရှည်ကြာစွာနေထိုင်ခဲ့သူဖြစ်ခြင်း စသည့်အချက်များကို ဦးစားပေး ရွေးချယ်ခဲ့ကြသည်။ စီးပွားရေးသမားကောင်းဖြစ်ခြင်းနှင့် မိမိဝင်ငွေသည်နိုင်ငံတော်အပေါ်တွင်မှီခိုမှုကင်းခြင်းသည် အဂတိလိုက်စားမှုကို တားဆီးပေးမည့်အပြင် ပိုမိုကောင်းမွန်သော ခေါင်းဆောင်မှုကိုလည်း ယူဆောင်ပေးနိုင်သည် ဟူသော ယုံကြည်ချက်ကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းသည် ယခင်အကျင့်ပျက်အရာရှိများနှင့် ဆက်ဆံခဲ့သည် အတွေ့အကြုံဆိုးများကို ပြန်လည်ထင်ဟပ်စေသည့်အပြင် ၎င်းအချက်သည် အများပြည်သူများမှ ကောင်းမွန်သော ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို အစိုးရအတွက် အလုပ်လုပ်ပေးနေရသောသူ သို့မဟုတ် နိုင်ငံတော်နှင့်တစ်သားတည်းဖြစ်သောသူများဟု မမြင်ကြပေ။ ဤအချက်အား အပြုသဘောဆောင်သော ညွှန်ပြချက်တစ်ခုအနေနှင့် စဉ်းစားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား ပြည်သူအများ၏အကျိုးစီးပွားကို ကိုယ်စားပြုသောသူနှင့် ပြည်သူအများ၏အသံကိုနားထောင်သူအဖြစ် ပို၍သဘော

ထားလာကြသည်။ ဆွေးနွေးပွဲ တက်ရောက်လာသူများမှ လည်း အုပ်ချုပ်ရေးမှူးလောင်းများအနေဖြင့် ၎င်းတို့သည် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဒေသအတွက် အလှူငွေကောက်ခံခြင်းပြုခဲ့သည်များကိုအာရုံစိုက်လုပ်ဆောင်ခဲ့ကြ သူများဖြစ်ပြီး အကယ်၍ရွေးကောက်ခြင်းခံရပါက ကျေးရွာလမ်းများကိုမည်သို့ပြုပြင်ထိန်းသိမ်းမည်၊ ဒေသခံကျောင်းများကို မည်သို့ထောက်ပံ့သွားမည်ဟူသည့် အစီအစဉ်များကို ချပြခဲ့ကြသည်။ ထို့သို့ အမှန်တကယ် လုပ်ဆောင်ပြခြင်းအားဖြင့် အုပ်ချုပ်ရေးမှူးရာထူးအပေါ် ပြည်သူအများမှထားရှိသော အမြင်များကို ပြောင်းလဲနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။

ယခင်နှင့်မတူဘဲ သိသာထင်ရှားသောပြောင်းလဲမှုတစ်ခုမှာ ပါတီနိုင်ငံရေးအသွင်များတိုးမြင့်လာခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများကို စိတ်ပါဝင်စားမှု အားနည်းခဲ့သေးသော်လည်း ဤအချက်သည် ပြောင်းလဲခဲ့သည်။ ရွေးကောက်ခံကိုယ်စားလှယ် အများစုအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အင်မတန်နီးစပ်သောသူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များဖြစ်သည်ဟုမြင်ကြသည်။ (သူတို့သက်တမ်းကာလတွင် ပါတီလုပ်ငန်းများအမှန်တကယ်ထမ်းရွက်နိုင်ခြင်းမရှိသည်ကို သိရှိစေကာမူ) ဒေသတစ်ခုတွင် ရွေးကောက်ခံအုပ်ချုပ်ရေးမှူးလောင်းများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံမှ သင်တန်းများကို ရရှိခဲ့ပြီး၊ အခြားဒေသအတော်များများတွင် အုပ်ချုပ်ရေးမှူးလောင်းများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကဲ့သို့သော အထင်ကရ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြစ်သည်။ ဒေသတစ်ခုတွင်မူ အုပ်ချုပ်ရေးမှူးလောင်းတစ်ဦးအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုက်ရိုက်ရွေးချယ်ခြင်းခံရသူဟု လက်ခံသိမြင်ကြသည်။

နိုင်ငံရေးပါတီများ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပူးပေါင်းမှုပိုမိုမြင့်မားလာသော်လည်း ရွေးကောက်ပွဲဝင်သူများအနေဖြင့် ပါတီကြော်ငြာဆိုင်းဘုတ်များ၊ အမှတ်တံဆိပ်များ သို့မဟုတ် ပိုစတာများ အသုံးပြုခဲ့သည့် အထောက်အထားများကိုမတွေ့ရှိခဲ့ရသကဲ့သို့ ပါတီများမှ လည်း ထိုသူများအတွက် ပိုမိုကျယ်ပြန့်သော မဲဆွယ်စည်းရုံးပွဲများ လုပ်ဆောင်ပေးခဲ့သည်ကိုလည်း မတွေ့ရှိခဲ့ပေ။ သို့သော်လည်းထိုသူများကို ပါတီအဖွဲ့ဝင်များဟု သိမှတ်ထားကြသည်။ မွန်ပြည်နယ်ရှိ မြို့ပြရပ်ကွက်တစ်ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့ ရွေးကောက်ပွဲအတွက် အတိအလင်း ယှဉ်ပြိုင်ခဲ့ပြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဘက်မှ အနိုင်ရရှိခဲ့သောအခါ ဒေသခံ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးခွဲမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဘက်မှဝင်ရောက်ယှဉ်ပြိုင်သူသည်သတ်မှတ်ထားသောပညာအရည်အချင်းနှင့်ကိုက်ညီမှုမရှိခဲ့ဟု စောဒကတက် တိုင်ကြားခဲ့သည်။ ဤကဲ့သို့ ရွေးကောက်ပွဲနှင့် စပ်ဆက်၍ပါတီနိုင်ငံရေးအငြင်းအပွားဖြစ်မှုများသည် ဖြစ်လေ့ဖြစ်ထမရှိသော်လည်း၊ ဤအချက်သည်ပင် ဒေသန္တရရွေးကောက်ပွဲများ ပို၍နိုင်ငံရေးဆန်လာကြောင်းကို ဖော်ပြလျက်ရှိသည်။ ဒေသခံလေ့လာသုံးသပ်သူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များမှလည်း ဒေသန္တရရွေးကောက်ပွဲများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရသစ်မတိုင်မီအချိန်ကာလတွင် ကျင်းပဆောင်ရွက်ခဲ့ခြင်းကိုလည်း ဝေဖန်ခဲ့ကြသည်။ ဘားအံနှင့်မော်လမြိုင် ရပ်ကွက်များတွင် ဒေသခံအုပ်ချုပ်ရေးမှူးများကို အစိုးရသစ်ဖွဲ့ပြီးကာလတွင် ပြန်လည်၍ထပ်မံရွေးကောက်သွားမည် ဟူသော ကောလဟာလများလည်းထွက်ရှိခဲ့သည်။ ယင်းသည်ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်တင်မြှောက်ရေးနှင့်စပ်လျဉ်းကာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်သီးသန့်မှ ပို၍နိုင်ငံရေးဆန်သော အခန်းကဏ္ဍများကို ဆောင်ရွက်လာနိုင်လိမ့်မည်ဟူသော အမြင်သဘောထားပြောင်းလဲမှုဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုလုံးမှ ထိန်းချုပ်ထားသော နေရာဒေသများအပါအဝင် တစ်နိုင်ငံလုံးရှိရပ်/ကျေးအုပ်ချုပ်ရေးမှူးရာထူးများသည် ယခင်နှင့်နှိုင်းယှဉ်ပါက ပို၍ လူအများအား ဆွဲဆောင်နိုင်လာသည့် အချက်အပေါ်တွင်လည်း ဆွေးနွေးမှုများရှိခဲ့သည်။ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေကို စီမံခန့်ခွဲကိုင်တွယ်ရခြင်း၊ မြေယာစီမံခန့်ခွဲရေးတို့တွင် ပါဝင်ရခြင်းများကြောင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးရာထူးများသည် ပိုမိုအရေးပါမှုရှိလာပြီးပိုမိုအာဏာရှိလာသဖြင့် နိုင်ငံရေးရည်မှန်းချက်ရှိသူများကို ဆွဲဆောင်မှုများဖြစ်ကောင်းဖြစ်နိုင်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အတွက်ပေးအပ်သော လစဉ်ချီးမြှင့်ထောက်ပံ့ငွေသည် နည်းပါးလှသဖြင့်မက်လုံး တစ်ခုမဖြစ်နိုင်သော်လည်း ထိုရာထူးမှရရှိလာနိုင်ဖွယ်ရှိသည့် လာဘ်ထိုးမှုများအပါအဝင် ဝင်ငွေရရှိနိုင်မှု လမ်းကြောင်းများသည် အချို့သောသူများအတွက် မက်လုံးတစ်ခုဖြစ်နိုင်သည်ဟု အထူးပြုဆွေးနွေးဝေမျှခဲ့သည်။ ဆွေးနွေးပွဲတွင် ဒေသခံ ခေါင်းဆောင်များ၏ ဩဇာလွှမ်းမိုးနိုင်မှုနည်းပါးပြီး ၎င်းတို့အားအလေးထားမှုပိုမိုနည်းပါးသော မြို့ပြဆန်သည့်နေရာများထက် ကျေးလက်ဒေသများတွင် ဤရာထူးများသည် ဆွဲဆောင်မှုပိုများသည်ဟူသောအချက်ကို သဘောတူညီခဲ့ကြသည်။ အုပ်ချုပ်ရေးမှူးရာထူးနေရာ အပြောင်းအလဲများပြုလာခြင်းမှာ ပြိုင်ဆိုင်မှုများလာခြင်းနှင့် ယခင်အုပ်ချုပ်ရေးမှူးများသည်တာဝန်ကို ဆက်လက်မထမ်းရွက်လိုသောကြောင့်ဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ရှေးယခင်ကနှင့်နှိုင်းယှဉ်လျှင် တာဝန်ဝတ္တရားများ၊ အလုပ်များ ပို၍များပြားလာကြသည်။ ဤသို့တာဝန်များပြားလာမှုကြောင့် အုပ်ချုပ်ရေးမှူးရာထူးအနေဖြင့် လုပ်ပိုင်ခွင့်အာဏာပိုမိုရရှိလာသကဲ့သို့ တစ်ဖက်တွင်လည်း ငွေကြေးအရ လစာနည်းပါးခြင်းကြောင့် စိတ်ဝင်စားမှုနည်းပါးလာစေသည့် အကြောင်းရင်းတစ်ခုလည်း ဖြစ်နိုင်သည်။ ထို့အတူ ဒေသတွင်းနေထိုင်သူများထံမှ လှူဒါန်းငွေကောက်ခံမှုကို လက်ရှိ နည်းဥပဒေကြောင်းအရကန့်သတ်ခြင်းနှင့် လုပ်အားပေးခြင်းလုပ်ငန်းများကို ခိုင်းစေခြင်းကိုလည်း တားမြစ်ထားသည့် ဥပဒေများချမှတ်ထားရှိခြင်းကြောင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ပိုင်ခွင့်အာဏာလျော့နည်းမှုကိုလည်း ဖြစ်စေသည်။ သို့ရာတွင် လက်တွေ့၌ ဒေသခံအုပ်ချုပ်ရေးမှူး အချို့သည် ရပ်/ကျေးဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများတွင် လုပ်အားပေးခိုင်းစေခြင်းများကို ပြုစေကြောင်းတွေ့ရသည်။ အခြားသူများသည်လည်း လူတစ်ဦးသို့မဟုတ်အဖွဲ့တစ်ဖွဲ့အား မျက်နှာသာပေးရန်အတွက် လက်ဖက်ရည်ဖိုးပေးသည့်ပုံစံဖြင့်အခကြေးငွေများ၊ လက်ဆောင်ပစ္စည်းများလက်ခံခြင်းများ ဆောင်ရွက်သဖြင့် ရာထူးနှင့် ပတ်သက်၍ စိတ်ဝင်တစားယှဉ်ပြိုင်မှုများခြင်း ဖြစ်သည်။ ဆွေးနွေးပွဲ တက်ရောက်လာသူ တစ်ဦးမှလည်း ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်သူများသည် နိုင်ငံရေးရည်မှန်း

ချက်ရှိသူများဖြစ်ပြီး နိုင်ငံရေးနှင့်ဆက်နွယ်ကာရာထူးနေရာများရရှိရန်အတွက် ခြေလှမ်းတစ်ခုဟု သဘောထားကြသည်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဘက်လုံးမှ ထိန်းချုပ်ထားသော အပစ်အခတ်ရပ်စဲထားသည့်နေရာဒေသများတွင် ဒေသအတွင်းဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးခံစားခွင့်များ ပိုမိုစီးဆင်းလာခြင်းနှင့် ရာထူးနေရာနှင့်ပတ်သက်၍ ယခင်အခြေအနေထက်အန္တရာယ်လျော့နည်းလာခြင်း စသည်တို့ကြောင့် အစိုးရဝန်ထမ်းရာထူးနေရာများမှာပို၍ရေပန်းစားလာကြသည်။အစောပိုင်းကာလများတွင် ဒေသခံခေါင်းဆောင်များမှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၏ ဦးတည်ခြင်းကိုခံကြရပြီး ထိုခေါင်းဆောင်များအနေဖြင့် နှစ်ဖက်လုံးနှင့်ထိတွေ့ဆက်ဆံကာ ဆောင်ရွက်ရသဖြင့် သစ္စာမရှိသူဟုပင်စွပ်စွဲခြင်းများကို ခံစားရလေ့ရှိသည်။ ဤနေရာဒေသများရှိ အချို့နေရာများတွင် သမိုင်းကြောင်းအခြေအနေများနှင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆန္ဒမရှိခြင်း စသည့်အခြေအနေတို့ကြောင့် အုပ်ချုပ်ရေးမှူးလောင်းအဖြစ် ဝင်ရောက်ရွေးချယ်ခံသူတစ်ဦးတည်းသာ ရှိတတ်သည်။

လေ့လာတွေ့ရှိချက်များအရ ရွေးချယ်ခံအမျိုးသမီးအုပ်ချုပ်ရေးမှူးလောင်းအရေအတွက်သည် အနည်းငယ် များပြားလာသည်။ အမျိုးသမီး ဆယ်အိမ်မှူးများပိုမိုများပြားလာသော်လည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးရာထူးအများစုကို ချုပ်ကိုင်ထားသောသူများမှာ အမျိုးသားများသာဖြစ်နေကြသည်။ (၂၀၁၂) ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူအုပ်ချုပ်ရေးမှူး(၁၆၀၀၀)ဦး အနက်မှ (၄၂ ဦး)သာ အမျိုးသမီးများဖြစ်ခဲ့သည်။ (၂၀၁၆) ရွေးကောက်ပွဲရလဒ် ထုတ်ပြန်ခြင်းမရှိသေးသော်လည်း (၂၀၁၂) ခုနှစ် အမျိုးသားနှင့်အမျိုးသမီးပါဝင်မှုအချိုး မမျှတမှုမှ အနည်းငယ် ကွဲပြားခြားနားလာလိမ့်မည်ဖြစ်သည်။ အမျိုးသားနှင့်အမျိုးသမီး ဖြစ်ခြင်းအပေါ်အမြင်သဘောထားရှိမှုသည် အဓိကအခန်းကဏ္ဍအနေဖြင့် ပါဝင်လျှက်ရှိသည်။ မော်လမြိုင်မြို့ရှိ ရပ်ကွက်တစ်ခုတွင် ထက်မြက်သောအမျိုးသမီးတစ်ဦးကိုယ်စားလှယ်လောင်းအဖြစ်ရွေးချယ်ခံခဲ့သော်လည်း အမျိုးသမီးတစ်ဦးဖြစ်နေခဲ့ခြင်းကြောင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပဋိပက္ခဖြေရှင်းခြင်းများနှင့် အကြမ်းဖက်ခြင်းနှင့်စပ်ဆက်သော ပြဿနာများတွင် ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ဟု ထင်မြင်ယူဆမှုကြောင့် ရွေးချယ်ခံရခြင်းမရှိခဲ့ပေ။

***ဆန္ဒမဲပေးခဲ့ပုံများ***

လှျို့ဝှက်ဆန္ဒမဲစနစ်ဖြင့်အချို့သောအုပ်ချုပ်ရေးမှူးလောင်းများကိုရွေးချယ်ခဲ့ခြင်းမဟုတ်သည့် သာဓကများရှိခဲ့သော်လည်း ရွေးကောက်ပွဲများသည် အကြမ်းဖျဉ်းအားဖြင့် ငြိမ်းချမ်းစွာဖြင့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးခဲ့သည်။ ဖြစ်ရပ်တစ်ခုအရ ရပ်ရွာလူကြီးများမှ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကို မည်သူ့အား ရွေးချယ်လိုကြောင်း နှုတ်ဖြင့်မေးမြန်းကာ ရရှိလာသည့်အဖြေများအပေါ် မူတည်၍ မဲအများဆုံးရရှိသူကိုရွေးချယ် သတ်မှတ်ခဲ့ကြသည်။ ပြဌာန်းထားသောဥပဒေနှင့်အညီ အဖွဲ့ဝင်ငါးဦးပါဝင်သော ကြီးကြပ်ရေးအဖွဲ့မှဆန္ဒမဲပေးခြင်းများကိုကြပ်မတ်၍အုပ်ချုပ်ရေးမှူးရုံး(သို့မဟုတ်) ဒေသခံကျောင်းများ၌ ကျင်းပခဲ့ကြကာနောက်ပိုင်းတွင် ထိုကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးမှဆန္ဒ မဲများကိုရေတွက်ခဲ့ကြသည်။ လေ့လာတွေ့ရှိချက်အချို့အရ မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးရုံးမှ ကိုယ်စားလှယ်များသည် ဆန္ဒမဲပေးပွဲကိုတက်ရောက်ခဲ့ပြီး၊ အချို့ဒေသများတွင်မူ ကြီးကြပ်ရေးအဖွဲ့ကို ရွေးချယ်သည့်အချိန်ထိသာ တိုက်ရိုက်ပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။ ရန်ကုန်တိုင်းဒေသကြီးမှရရှိခဲ့သော အတွေ့အကြုံများအရ နိုင်ငံရေးပါတီများသည် ဆန္ဒမဲပေးသည့်ပွဲများကို လေ့လာမှုများရှိခဲ့သည်။ ဥပမာ ရပ်ကွက်တစ်ခု၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များသည် ဆန္ဒမဲပေးပုံများနှင့် မဲရေတွက်ခြင်းများကို ကြီးကြပ်ခဲ့သည်။ သို့သော် ဤသို့ပြုလုပ်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရှိခဲ့ရပေ။

၂၀၁၂ ရပ်/ကျေးအုပ်ချုပ်ရေး ဥပဒေမှ အားလုံးနီးပါးကွဲထွက်ခဲ့သောအချက်မှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကိုလှျို့ဝှက်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဆယ်အိမ်မှူးများအား ရွေးကောက်တင်မြှောက်ပုံနှင့်စပ်လျဉ်း၍ဖြစ်သည်။ မတူညီသောဒေသအသီးသီးမှတွေ့ရှိချက်များအရ ဆယ်အိမ်မှူးများအားလုံးကို လှျို့ဝှက်မဲပေး၍ရွေးကောက်ခဲ့ခြင်း မဟုတ်ဘဲရပ်ရွာလူကြီးများ ပါဝင်သောကြီးကြပ်ရေးအဖွဲ့မှ ဆယ်အိမ်စုအားလုံးမှ အိမ်ထောင်ဦးစီးများအား ဆယ်အိမ်မှူးဖြစ်လိုခြင်း ရှိမရှိ မေးမြန်းခြင်းဖြစ်သည်။ ထိုသို့ လှျို့ဝှက်ဆန္ဒမဲပေးမှုဖြင့် ဆောင်ရွက်ခြင်းပြုခြင်းမပြုခြင်းသည် မလိုအပ်ပေ။ အကြောင်းရင်းမှာ ထိုရာထူးနေရာအတွက် အပြိုင်အဆိုင်ဖြစ်မှုမရှိသောကြောင့်ဖြစ်သည်။ အများအားဖြင့် ရွေးချယ်ခံကိုယ်စားလှယ်တစ်ဦးသာရှိပြီး မိမိအိမ်နီးချင်းကိစ္စနှင့် ပတ်ဝန်းကျင်အရေးကိစ္စများကို ဆောင်ရွက် သူတစ်ဦးကို ရွေးကောက်ပွဲမကျင်းပမီရက်များ၌ ကြိုတင်၍ သဘောတူရွေးကောက်တင်မြှောက်ထားကြသည်။ အချို့သောဒေသများတွင် ဆယ်အိမ်မှူးများရွေးချယ်ခြင်းကို ဆယ်အိမ်စုတစ်စုစီတိုင်းတွင် တိုက်ရိုက်ရွေးချယ်ကြပြီး၊ အခြားသောဒေသများတွင်မူ ကျေးရွာရပ်ကွက်စုံညီ အစည်းအဝေးတွင်ဆောင်ရွက် ကျင်းပကြသည်။ အကယ်၍ အိမ်ထောင်ဦးစီးများထဲမှ ရွေးချယ်ခြင်းအား မခံယူလိုပါက ရပ်ရွာလူကြီးများပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့မှခန့်အပ်တင်မြှောက်သည့် နည်းလမ်းဖြင့် ပုဂ္ဂိုလ်တစ်ဦးအားကောက်နှုတ်တင်မြှောက်ကြသည်။ နေရာဒေသအများအပြား၌ ဆယ်အိမ်မှူးများအနေဖြင့် တရားဝင်လုပ်ပိုင်ခွင့် အာဏာမရှိသဖြင့် ဆယ်အိမ်မှူးအဖြစ်ဆောင်ရွက်ရန် စိတ်ဝင်စားမှုအားနည်းကြသည်။ ထို့ကြောင့် နေရာဒေသအများအပြား၌လက်တွေ့အနေအထားအရ ဆယ်အိမ်စုမှူးများကို ဆန္ဒမဲဖြင့်ရွေးကောက်တင်မြှောက်ခြင်းထက် တာဝန်ပေးခန့်အပ်ခြင်းကိုပြုလုပ်ကြသည်။ရပ်ကွက်တစ်ခု၌ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကျင်းပခြင်းမပြုမီအထိ ဆယ်အိမ်မှူးများကို ရွေးကောက်တင်မြှောက်ထားခြင်းမရှိသေးဘဲ၊ နဂိုရှိပြီးသားဆယ်အိမ်မှူးအရေအတွက် အနည်းငယ်ဖြင့်သာ အုပ်ချုပ်ရေးမှူးလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းအတွက် အစည်းအဝေးခေါ်ခဲ့ကြသည်။ ဤလုပ်ရပ်သည် ရပ်/ကျေး အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများ၏ ဒီမိုကရေစီနည်းလမ်းကျင့်သုံးမှုကိုဆုတ်ယုတ်စေခဲ့သည်။

ဆယ်အိမ်စုတစ်စုကိုမည်သို့ သတ်မှတ်ရမည်ဆိုသည်မှာလည်း အငြင်းပွားဖွယ် အချက်တစ်ချက်ဖြစ်ခဲ့သည်။ အထူးသဖြင့် ထိုသို့ ဆယ်အိမ်စုသတ်မှတ်ရန် မည်သူ့ထံတွင် လုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ပိုင်ခွင့်များရှိသနည်းဟူသော အချက်နှင့် စပ်လျဉ်း၍ဖြစ်သည်။ ဤအချက်မှာ ဥပဒေအရရှင်းလင်းမှုမရှိသည့်အပြင်

လက်တွေ့တွင်လည်း နေအိမ်တစ်ဆယ်အိမ်ပါသော အိမ်ထောင်စုများသည်လည်း မြေမျက်နှာသွင်ပြင် ပထဝီဝင်အနေအထား အရအတိအကျသတ်မှတ်၍ရသောယူနစ်များလည်းမဟုတ်ပေ။ ဤအနေအထားကြောင့် အုပ်ချုပ်ရေးမှူးလောင်း ရွေးကောက်ပွဲတွင်အသာရစေရန် တာဝန်ထမ်းရွက်ခဲ့ပြီးသော အုပ်ချုပ်ရေးမှူးဟောင်း တစ်ဦးသည် ၎င်းအားထပ်မံ၍ရွေးကောက်တင်မြှောက်ခံခွင့်ရရှိနိုင်အလို့ငှာ ဆယ်အိမ်စု တစ်ခုစီတိုင်းတွင် ၎င်းကိုထောက်ခံသည့် ပုဂ္ဂိုလ်တစ်ဦးရှိစေရန် ဆယ်အိမ်စုနယ်နိမိတ်အား ၎င်းအလိုရှိသည့်အတိုင်း သတ်မှတ်ခြင်းကို မဟာဗျူဟာကျကျစီမံ၍ရသည်။ တိုင်းရင်းသားပေါင်းစုံရှိသော မဲဆန္ဒနယ်များတွင် မြေမျက်နှာသွင်ပြင်အနေအထားရ သတ်မှတ်ခြင်းမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးစုတစ်စုကို ကိုယ်စားပြုသော အိမ်ထောင်ဦးစီးကို ရွေးချယ်ကြသည်။

ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ နောက်ထပ်သုံးသပ်ဖွယ်ရှုထောင့်တစ်ခုမှာ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် အမျိုးသားမှတ်ပုံတင်ကဒ်မရှိသောသူများကို တရားဝင်နေထိုင်သော အိမ်ထောင်စု စာရင်း၌ ထည့်သွင်းခဲ့မှု မရှိခဲ့ခြင်းသည် သန်းခေါင်စာရင်းမရှိသော သူများကို ဆန္ဒမဲပေးခြင်း ဖြစ်စဉ်၌ ပါဝင်ခွင့် ငြင်းပယ်သကဲ့သို့ဖြစ်နေခြင်းပင်ဖြစ်သည်။ ဆယ်အိမ်မှူးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရရန် သန်းခေါင်စာရင်းအား လိုအပ်သည့်ပုံစံ ဖြစ်နေခဲ့သည်။ အထူးသဖြင့်မြို့ပြရပ်ကွက်များကဲ့သို့ ရွှေ့ပြောင်းနေထိုင်မှု ထူထပ်သောနေရာဒေသများတွင် ပြဿနာအတားအဆီးတစ်ရပ် ဖြစ်ခဲ့သည်။ ရွှေ့ပြောင်း နေထိုင်သူများသည် ရွေးကောက်ပွဲဦးဆောင် စီစဉ်သည့် ရပ်ရွာလူကြီးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းများ (ဥပမာ- မဲဆန္ဒနယ်တွင် ၁၀ နှစ်ကျော်ကြာနေထိုင်ခဲ့ပြီးသည့်သူများ)ကိုမသိရှိခြင်းတို့ကြောင့်ဖြစ်ပြီး ဤကဲ့သို့ ရွှေ့ပြောင်းသွားလာမှုနှင့် မြို့ပြစနစ်ပိုမိုဆန်လာခြင်းတို့သည် လက်ရှိရွေးကောက်ပွဲစနစ်၏ စိန်ခေါ်မှုတစ်ခု ဖြစ်ခဲ့သည်။

လေ့လာတွေ့ရှိချက်များအရ ရွေးကောက်တင်မြှောက်ပွဲများတွင် ဆယ်အိမ်မှူးများအရေအတွက် မည်မျှပါဝင်နေသည်ဆိုသည့် အချက်မှာ အမျိုးမျိုးသောကွဲပြားမှုများရှိနေပြီး၊ လူဦးရေအနည်းဆုံးပါဝင်တက်ရောက်ခဲ့သည့်နေရာဒေသများမှာမြို့ပြနေရာများ ဖြစ်နေသည်။ အချို့သောဒေသများတွင် ဆန္ဒမဲပေးသည့်နေ့တွင် ဆယ်အိမ်စုမှူး ခေါင်းဆောင်အနည်းငယ်သာ တက်ရောက်ခဲ့ခြင်းများရှိနေသည်။ ဘားအံမြို့၏ ရပ်ကွက်တစ်ခုတွင် တွေ့ရှိလေ့လာခဲ့ရသည့် ဖြစ်ရပ်တစ်ခုအရ ဆန္ဒမဲအရေအတွက်အား ထုတ်ဖော်ပြောကြားချိန်တွင် ဆန္ဒမဲထည့်ဝင်ခဲ့သည့် မဲအရေအတွက်သည် တက်ရောက်ခဲ့သည့် ဆယ်အိမ်စုမှူး ခေါင်းဆောင်စုစုပေါင်းအရေအတွက်ထက်ပို၍များပြားနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤကဲ့သို့သောအခြေအနေများအရ မည်သည့်အိမ်ထောင်ဦးစီးမဆို ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပုံစံဖြစ်သည်ဟု လက်ခံသဘောပေါက်နိုင်သည်။ ထို့ကြောင့် နိုင်ငံတဝှမ်းလုံးတွင် ကျင်းပသော ရွေးကောက်ပွဲများ ကျင်းပသည့်ပုံစံသည် တူညီသော စံနှုန်းတစ်ခုတည်း ရှိမနေသည်ကို ဖော်ပြလျက်ရှိသည်။ ဤသို့အမျိုးမျိုးကွဲပြားနေမှုများသည် အစိုးရစနစ်နှစ်ရပ် အတူတကွရှိနေသောနေရာဒေသများ (သို့မဟုတ်) အစိုးရဘက်မှ ရွေးချယ်ခန့်ထားခြင်းခံထားရသော ရွာလူကြီးသည် မိမိကိုယ်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်ဟု ယူဆလက်ခံထားသော နေရာဒေသများ၌ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့များအနေဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ထိန်းချုပ်ထားခဲ့သော ဧရိယာများအတွက် စဉ်းစားသောအခါ ပို၍ကြီးမားလာသည်။

### ဒေသန္တရ အုပ်ချုပ်ရေးစနစ် အနာဂတ်ပြုပြင်ပြောင်းလဲရေး

ဒေသခံအုပ်ချုပ်ရေးမှူးရာထူးများသည် ယခင်ကာလများနှင့်နှိုင်းယှဉ်ပါက ပိုမို၍ ဒီမိုကရေစီဆန်လာပြီး အုပ်ချုပ်ရေးစနစ်၏ အောက်ခြေပိုင်းအဆင့် တာဝန်ခံမှုပို၍များလာသည်ဟု ဆိုနိုင်သော်ငြားလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် နေရာဒေသအများစုတွင် ပြည်သူအများပို၍ ပါဝင်နိုင်သည့် တက်ကြွနိုင်ငံရေး ကျင့်သုံးမှုထက် စီမံခန့်ခွဲရေးနှင့်သက်ဆိုင်သော အုပ်ချုပ်ရေးစနစ်ပုံစံ ပို၍ ဆန်လျက်ရှိနေဆဲဖြစ်သည်။ စိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် အသက်(၁၈)နှစ် ပြည့်ပြီးသူတိုင်းမဲပေးခွင့်ရှိသည်ဆိုသည့် ပြည်သူတစ်ရပ်လုံးမှဆန္ဒမဲပေး ပိုင်ခွင့်ကင်းမဲ့နေခြင်းနှင့် တဆင့်ခံရွေးကောက်တင်မြှောက်ခြင်း စနစ်ကိုအသုံးပြုခဲ့ခြင်းပင် ဖြစ်သည်။ နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ သတင်းအချက်အလက်ဖြန့်ဝေမှုပိုင်း အားနည်းခြင်း၊ ဆန္ဒမဲပေးခြင်းဆိုင်ရာပညာပေးခြင်းလုပ်ငန်းများ မရှိခြင်းနှင့် လွတ်လပ်မှုရှိသော လေ့လာအကဲဖြတ်ခြင်းများ အားနည်းခြင်းတို့ကြောင့် ဒေသအရေးကိစ္စများကိုလွှမ်းမိုးဆုံးဖြတ်နိုင်ပြီး အများလေးစားခံရသော ရပ်ရွာလူကြီးများနှင့် ၎င်းတို့၏ နီးစပ်ရာအသိုင်းအဝိုင်းမှသူများသာ ပါဝင်သဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို သင့်လျော်သလိုအလွတ်သဘောကျင်းပခဲ့သည့် ပုံစံဖြစ်ခဲ့သည်။ ဆန္ဒမဲပေးခြင်းဆိုင်ရာ စနစ်ကိုရွှေ့ပြောင်းနေထိုင်သွားမှု မြင့်မားစွာရှိနေသည့်နေရာဒေသများရှိ အခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ၎င်းတို့ဆန္ဒနှင့်ကိုက်ညီသော ဒေသန္တရ ခေါင်းဆောင်များကို ရွေးချယ်ရာတွင် များစွာသော နေထိုင်သူများသည် ဖယ်ကျဉ်ခြင်းခံရသကဲ့သို့ ဖြစ်ခဲ့သည်။ ဒေသန္တရရွေးကောက်ပွဲများအပေါ် ပြည်သူအများ စိတ်ဝင်စားမှုနည်းပါးရခြင်းသည် မြန်မာနိုင်ငံ၏ ဒေသန္တရအုပ်ချုပ်ရေးစနစ်အား နိုင်ငံရေးခံယူချက် ဖြစ်ထွန်းရာနေရာတစ်ခုဖြစ်နေခြင်းနှင့် ပြည်သူအများ၏ဘဝကို ပိုမိုအကျိုးဖြစ်ထွန်းနိုင်သော သဘာဝအရင်းအမြစ်များပေးခွဲဝေ ဖြန့်ဖြူးပေးခြင်းနှင့် ဆက်နွယ်နေသည့် ရွေးချယ်မှုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် မမြင်နိုင်ကြဘဲ ရှိနေဆဲအား ထင်ဟပ်ပြသလျက် ရှိသည်။ ၂၀၁၂ ခုနှစ် ရပ်/ကျေးအုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်ဖြည့်စွက်ချက်ဆောင်ရွက်ခြင်း၊ ပြည်သူတစ်ရပ်လုံးမဲပေးပိုင်ခွင့်ကို ထည့်သွင်းမိတ်ဆက်ခြင်း၊ ပြည်သူ့မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာမှုများ ကို ထောက်ခံအားပေးခြင်းကဲ့သို့သော ဆောင်ရွက်ချက်များသည် လက်ရှိအခြေအနေကို ပြောင်းလဲသွားစေနိုင်မည့် နည်းလမ်းအချို့ ဖြစ်သည်။ အချို့သောနေရာဒေသများတွင် ရွေးကောက်ပွဲများသည် နိုင်ငံရေးပါတီများ၏ပါဝင်မှုများပြားခြင်း၊ ရွေးကောက်ခံအုပ်ချုပ်ရေးမှူးလောင်းများအကြား ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာခြင်းစသည်တို့သည် နိုင်ငံရေးဆန်မှု ပို၍ဖြစ်ထွန်းလာသည်ကို ပြသနေသည့်လက္ခဏာရပ်များ ဖြစ်ကြသည်။ ဤအချက်သည်လည်း ဒေသခံခေါင်းဆောင်များ တရားဝင်အရေးပါလာမှုကိုပို၍သတိပြုနားလည်လာခြင်းကို ဖော်ပြလျက်ရှိပြီး၊ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေ တိုးမြှင့်လာမှုကြောင့်လည်း ထိုခေါင်းဆောင်များ၏အခန်းကဏ္ဍမှာ ပို၍ အရေးပါလာကြောင်း လက်ခံလာကြသည်။

ဆွေးနွေးပွဲကိုခြုံငုံသုံးသပ်ရသော် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ဆုံးဖြတ်ချက်ချခြင်းကိစ္စရပ်များ၌ ပြောင်းလဲခြင်းမရှိဘဲ တည်တံ့နေစေရန် တာဝန်ခံနိုင်မှုရှိခြင်းနှင့် ဒေသန္တရအဆင့် သဘာဝအရင်းအမြစ်များကို ဖြန့်ဖြူးသုံးစွဲခွင့်ရှိစေရေးစသော မြန်မာနိုင်ငံ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် ပက်သက်ပြီး ပိုမိုကျယ်ပြန့်သော ဆွေးနွေးတိုင်ပင်မှုများဖြင့် ဒေသန္တရရွေးကောက်ပွဲကျင်းပမှုများကို ပြန်လည်ရေးဆွဲမှုဘောင်ချမှတ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။ အမျိုးသားနိုင်ငံရေးဆိုင်ရာ ကတိကဝတ် ရှင်းလင်းစွာမရှိခြင်းသည်လည်း ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

၂၀၁၆ ခုနှစ်ဒေသန္တရရွေးကောက်ပွဲကျင်းပစဉ် အချိန်မှစ၍ လွှတ်တော်အသစ်သည် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ တွင်ညှိစာရင်းတိုင်ကြားရန်လိုအပ်ချက်နှင့်စပ်လျဉ်းသော ၂၀၁၂ ရပ်/ကျေး အုပ်ချုပ်ရေး ဥပဒေပါ အပိုဒ်တစ်ခုအား ဖျက်သိမ်းခဲ့သည်။ ဤအပိုဒ်သည် အစောပိုင်းကာလများတွင် နိုင်ငံရေးတက်ကြွလုပ်ရှားသူများနှင့် လူနည်းစုတိုင်ရင်းသားများအား အကြမ်းဖက်ခြင်းနှင့် ဖမ်းဆီးရန် အသုံးပြုခဲ့သည့် အပိုဒ်တစ်ပိုဒ် ဖြစ်သည်။ အချို့သောလွှတ်တော်ကိုယ်စားလှယ်များသည်လည်း ရွေးကောက်ပွဲများပိုမို၍ ပွင့်လင်းမြင်သာမှုရှိစေခြင်းနှင့် ပိုမိုကောင်းမွန်သော ဥပဒေများ ဖြစ်လာစေရန်အတွက် ပြောင်းလဲမှုများ ဆောင်ရွက်ရန် စိတ်အားထက်သန်လျှက်ရှိသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်လည်း လွတ်လပ်သောရွေးကောက်ပွဲကျင်းပရေးကော်မတီကို ဖွဲ့စည်းပေးရန်နှင့် ရွေးကောက်ခံကိုယ်စားလှယ်များမည်သူဖြစ်ကြောင်းကို ကြေညာပေးခြင်းများနှင့် ပိုမိုရှင်းလင်းသော တိုင်ကြားခြင်းဆိုင်ရာယန္တရားများရှိခြင်းကို သေချာစေမည့် တိုင်းတာချက်များ ဆောင်ရွက်ရန် စသည်တို့ကို တင်ပြတောင်းဆိုထားကြသည်။ ဤတိုင်းတာချက်များသည် အရေးပါသော်လည်း ပို၍ ဒေသန္တရအုပ်ချုပ်ရေးစနစ်၏ လေးနက်သော ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများဖြစ်စေရန် ရပ်/ကျေးအုပ်ချုပ်ရေးမှူးရာထူးများ တည်ရှိနေမည့် ပိုမိုကျယ်ပြန့်သောဖွဲ့စည်းတည်ဆောက်ပုံများကို ပြောင်းလဲရန်လည်း လိုအပ်ပါသည်။ လက်ရှိတွင်မြန်မာနိုင်ငံ၌ပြည်နယ်နှင့်တိုင်းဒေသကြီးများအဆင့်အထိ ဒီမိုကရေစီအရ စနစ်တကျ ရွေးကောက်တင်မြောက်ထားသော အစိုးရအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် ဒေသန္တရာအုပ်ချုပ်ရေးစနစ် ကင်းမဲ့နေဆဲဖြစ်သည်။ အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တပ်မတော်မှ ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်တွင် စီမံခန့်ခွဲလျှက်ရှိရာ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာအရေးကိစ္စများကို မြို့နယ်၊ခရိုင်အဆင့်များတွင် ဆုံးဖြတ်ချက်ချဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ ရွေးကောက်တင်မြောက်ခြင်းမခံခဲ့ရသည့် ပြည်ထောင်စု ဝန်ကြီးများထံသို့အစီရင်ခံနေကြရသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများသည် တဆင့်ခံရွေးကောက်ခြင်းများနှင့် ဒေသန္တရအဆင့်ရှိ ရပ်ရွာဒေသ ကိုယ်စားပြုသူများအချို့ဖြင့် ဖွဲ့စည်းထားသော အကြံပေးကော်မတီများ ဖွဲ့စည်းထားရှိခြင်းများ ပြုလုပ်ခဲ့သော်လည်း၊ ဒေသန္တရအုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ဒီမိုကရေစီနည်းလမ်းအရရွေးကောက်တင်မြောက်ထားသာ ကောင်စီများထက် အစိုးရ ဘက်တော်သားများမှ အများအားဖြင့် ထိန်းချုပ်ကိုင်တွယ်ထားလျက်ရှိသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ပြည်သူနှင့်သက်ဆိုင်သောအခန်းကဏ္ဍအဖြစ် ပြုပြင်ပြောင်းလဲခြင်းအပြင် ဒေသန္တရအုပ်ချုပ်ရေး စနစ်ကို ပိုမို၍ ဒီမိုကရေစီဆန်လာစေရန် မြို့နယ်အဆင့်နှင့်ခရိုင်အဆင့်များအတွက်လည်း ရွေးကောက်တင်မြောက်ပွဲများကျင်းပရန် လိုအပ်ပါသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ ပါဝင်မှုပိုမိုမြင့်မားလာခြင်းသည် ယင်းပါတီများအနေဖြင့် ဤဗဟိုချုပ်ကိုင်မှုလျှော့ချရန် လိုအပ်ကြောင်း ပိုမိုနားလည်သဘောပေါက်မှုရှိလာသည်ကို ဖော်ညွှန်းလျှက်ရှိသည်။ မြန်မာနိုင်ငံ ဒေသန္တရ အုပ်ချုပ်ရေး၏ လိုအပ်ချက်များ၌ အထူးသဖြင့် ဖယ်ဒရယ်ဝါဒ၏ ပုံစံကို သတ်သတ်မှတ်မှတ်ဖြစ်စေမည့် နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ပဋိပက္ခဖြေရှင်းခြင်းများသည် ပိုမိုကာ စနစ်တကျရှိစေရန် ယခုထက်ပင် ပိုမိုပေါင်းစပ်ပါဝင်သင့်ကြောင်း ဆွေးနွေးခဲ့သည်။



New Ward Administrator at work, resolving a dispute, in Karen State. Helene Maria Kyed

မြန်မာနိုင်ငံ၏ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ဒီမိုကရေစီစနစ်

၂၀၁၆ ခုနှစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲအား
ပြန်လည်သုံးသပ်ခြင်း ဝိုင်းဖွဲ့ဆွေးနွေးပွဲ အကျဉ်းချုပ် - မူကြမ်း - ၁